http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# စက်လေးပါးတရားတော်ကြီး

ာ-၂၅၃၂၊ ကောဇာ-၁၃၅၀၊ ခရစ်-၁၉၈၈၊

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# စက်လေးပါးတရားတော်ကြီး

သာသနာ-၂၅၃၂၊ ကောဇာ-၁၃၅၀၊ ခရစ်-၁၉၈၈၊

စက်လေးပါးတရားတော်-(က)

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် [၃၆၂/၈၈(၈)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (      )

—

ပထမအကြိမ်

—

အုပ်ရေ—၃၀၀၀

—

၁၉၈၈-ခုနှစ်

—

စက်တင်ဘာလ

—

ပန်းချီ—ဝေမွန်လင်း

—

ဘလောက်—နယူးဘားမား

—

အဖုံးရိုက်—စာပေပေါင်းကူး

—

စာအုပ်ချုပ်—အေးမိသားစု


—

ခမ္မဒါန

—

ဦးညိုမောင်၊ ထုတ်ဝေသူ မှတ်ပုံတင်အမှတ် ( ၀၁၆၇၀ )၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊ ဟာမစ်တစ်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ,ဘီ၊ ခဝဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ ရန်ကုန်က ပုံနှိပ်သည်။
ဖုန်း—၅၅၉၁၅

http://www.dhammadownload.com



၁၃၁၆-ခုနှစ်မှ ၁၈ ခုနှစ် သာသနာ ၂၅၀၀ ပြည့်အထိ၊ သံဂါယနာတင်စဉ်

အမေး မဟာစည် (၅၀) နှစ်၊ အဖြေ မင်းကွန်း (၄၃) နှစ်တို့ပုံ၊

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စက်လေးပါးတရားတော်ကြီးစာအုပ် လက်ဦးရှုဖွယ် မင်္ဂလာအမှာ | .... | ၃ |
| | **စက်လေးပါးတရားတော်ကြီးစာအုပ် ဖြစ်ပေါ်လာခြင်းအကြောင်းရင်း မင်္ဂလာစကား** | | |
| ၂။ | ခေတ်ပညာသင်ကြားခြင်း | .... | ၁၀ |
| ၃။ | ဆေးတက္ကသိုလ်၌ ဆေးပညာသင်ခြင်း | .... | ၁၀ |
| ၄။ | ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ဆေးတက္ကသိုလ်၌ ဆေးပညာဘွဲ့ယူ | .... | ၁၁ |
| ၅။ | ဩစတြေးလျားနိုင်ငံပယ်မြို့သူ၏အမေး | .... | ၁၁ |
| ၆။ | စစ္စတာဒေါ်လှမြင့်၏ကျေးဇူး | .... | ၁၃ |
| ၇။ | ဝိပဿနာအလုပ်ပေးတရားနာရခြင်း | .... | ၁၃ |
| ၈။ | မဟာစည်ဆရာတော်ဘုရားဟောကြား ဉာဏ်စဉ်တရား | .... | ၁၄ |
| ၉။ | ဗုဒ္ဓသာသနာဝင်တိုင်း အားထုတ်ရမည့် ဝိပဿနာတရား | .... | ၁၄ |

http://www.dhammadownload.com



စဉ် အကြောင်းအရာ စာမျက်နှာ

## မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော စက်လေးပါး အနုမောဒနာ တရားတော်ကြီး


၁၀။ စက်လေးပါးသရုပ် .... ၂၁

၁၁။ ပတိရူပဒေသဝါသစက်ဆိုတာ .... ၂၂

၁၂။ သူတော်ကောင်း အမှီရတယ်ဆိုတာ .... ၂၅

၁၃။ အတ္တသမ္မာပဏိဓိ စက်ဆိုတာ .... ၂၇

၁၄။ ပုဗ္ဗေစကတပုညတာ စက်ဆိုတာ .... ၃၀

၁၅။ ရှင်ပြုရဟန်းခံတယ်ဆိုတာ
ပုဗ္ဗေစ ကတပုညတာ ပါဘဲ .... ၃၂

၁၆။ စက်လေးပါးကောင်းကျိုးဆက်လည်ပုံ .... ၃၃

၁၇။ ရှင်ရာဟုလာဆိုတဲ့ဘုရားသားတော်ဟာ .... ၃၅

၁၈။ ဒီနေ့ရှင်ပြုရဟန်းခံဟာ သမ္ပတ္တိစက်လေးပါး
နဲ့ဆိုင်တယ် .... ၃၇

၁၉။ အကောင်းဆုံးဆုတောင်း .... ၃၉

၂၀။ ရေစက်ချ .... ၄၀

၂၁။ ဆုတောင်း .... ၄၁

၂၂။ အမျှဝေ .... ၄၂

http://www.dhammadownload.com

မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

အကျိုးဆောင်ဆရာဝန် ဦးသန်းနောင် ၏ ၅၅-နှစ်မြောက်

မွေးနေ့မင်္ဂလာ ဓမ္မဒါနအဖြစ်

ရဟန်း, ရှင်, လူ, ယောဂီ,သူတော်စင်အပေါင်းတို့အား

အမှတ်တရအနေအားဖြင့်

**စက်လေးပါးတရားတော်ကြီး စာအုပ်ကို**

ဓမ္မဒါန လှူဒါန်းပါသည်။

http://www.dhammadownload.com

## စက်လေးပါး တရားတော်ကြီး စာအုပ်

# လက်ဦးရှုဖွယ် မင်္ဂလာ အမှာ

သဗ္ဗ သိဒ္ဓိ သုခါ ဝဟံ။

ဒေါက်တာ သန်းနောင်သည် ကျုံပျော်မြို့နယ် အထောင်ကျေးရွာသား ဇာတိဖြစ်ပါသည်၊ မိဘတို့သည် မျိုးရိုးစဉ်လာ အရ ရတနာမြတ်သုံးပါးကို ကိုးကွယ်ကြသော အမျိုးကောင်း ဥပါသကာ, ဥပါသိကာမများ ဖြစ်ကြပါသည်၊ ဒေါက်တာ သန်းနောင်ကို ငယ်စဉ်ကပင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ရတနာမြတ် သုံးပါးကို ဆည်းကပ် တတ်အောင် ရွာဦး ဘုန်းတော်ကြီး ကျောင်း၌ ပညာသင်ရန် အပ်နှံခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်း၌ နေ့စဉ် စာမသင်မီ ဘုရားရှိခိုး, ဝတ်တက်,ဝတ်ကပ်ကြရသည်၊ ကျောင်းရောက်စ ကျောင်းသား ငယ်တို့လည်း ကျောင်းသားကြီးများနှင့် အတူ ဘုရားဝတ်ပြုရ သည်၊ တစ်ပုဒ်,တစ်ပါဒမျှ မဆိုဘတ်ကြသေးသော်လည်း နေ့ ရက်ကြာလာသောအခါ ကြားဖူးနားဝဖြင့် လိုက်ပါ ဆိုကြ သောကြောင့် ဩကာသ, နမော တဿ ဘဂဝတော-စသည် တို့ကို ဆိုတတ်လာကြသည်၊ သင်ပုန်းကြီးကုန်အောင် မသင်ရ သေးခင်ကပင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသော သရဏဂုံသုံးပါးကို ကျောင်းသားကြီးများနှင့်အတူ လိုက်ပါဆိုကြရ၍ ပါဠိရော

http://www.dhammadownload.com



အနက်ပါ နှုတ်တက်ရကုန်ကြလေပြီ၊ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ) သုံးပုဒ်သည် ဗုဒ္ဓသာသနာဝင်အဖြစ်ကို ခံယူသောအခါ ရွတ်ဆိုကြရသော ပါဠိနှင့် အနက်ဖြစ်ပါသည်။

မိဘတို့သည် ကျောင်းနေစ ကလေးတို့ သရဏဂုံ သုံးပါးကို ရွတ်ဆိုသံကြားရသောအခါ ငါ့သား ငါ့သမီးတို့ ဗုဒ္ဓသာသနာဝင် ဗုဒ္ဓဘာသာအစစ်ဖြစ်လာပြီ၊ တခြား ဘာသာအယူကို ယူတော့မည်မဟုတ်ဟု ဝမ်းသာအားရ ဖြစ်ကြရသည်။

ဒေါက်တာ သန်းနောင် ဗုဒ္ဓဘာသာ စာပေ အထိုက်အလျောက် ဖတ်တတ်လာသောအခါ မိဘတို့သည် ရှင်သာမဏေ ပြုပေးခဲ့သည်၊ ဒေါက်တာ သန်းနောင်သည် သာမဏေတစ်လှည့် ကျောင်းသားတစ်လှည့် အဖြစ်ဖြင့် ဗုဒ္ဓယဉ်ကျေးမှု စာပေတို့ကို အခြေခံရသည်အထိ ကောင်းစွာသင်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ မိဘများက သားဖြစ်သူ ဒေါက်တာ သန်းနောင်၏ အနာဂတ်လူမှုရေးဆိုင်ရာ လောကီသိပ္ပံပညာ တတ်မြောက်ရေး လိုအပ်သေးကြောင်း သိပြီးဖြစ်၍ "ပဋိရူပဒေသဝါသ" ဖြစ်သော သင့်တင့် လျောက်ပတ်ရေး အတွက် လောကီပညာသင်ရန် ရန်ကုန် နေပြည်တော်သို့ ပြောင်းရွှေ့ထားခဲ့လေသည်၊ ဒေါက်တာ သန်းနောင်သည် ၁၀-တန်း စာမေးပွဲအောင်ပြီး ရန်ကုန် ဆေးတက္ကသိုလ်သို့ တက်ရောက်၍ ဆေးပညာသင်ခဲ့လေသည်၊ ဆေးပညာသိပ္ပံဘွဲ့ရပြီးနောက် နိုင်ငံ

http://www.dhammadownload.com



တွင်း အမှုထမ်းဆရာဝန် ကလေးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့လေသည်။

ထို့မှတစ်ဖန် ဥရောပတိုက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ဆေးတက္ကသိုလ်သို့ တက်ရောက်၍ ဆက်လက်ပညာသင်သော အခါ ဆေးပညာဘွဲ့လွန်သင်တန်းအောင်မြင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်၊ မြန်မာနိုင်ငံသို့ ပြန်လာပြီးနောက် ရန်ကုန်ဆေးရုံကြီး နှလုံးခွဲဆေးကုခန်း၌ သူနာပြုဆရာမ စန္ဒာ ဒေါ်လှမြင့်နှင့်တွေ့သောအခါ မဟာစည်ရိပ်သာ၌ တရားအားထုတ်ရန် တိုက်တွန်းသဖြင့် ဗီယင်နာတက္ကသိုလ်၌ ဝိပဿနာတရား အားထုတ်ပုံအကြောင်း အမေးခံခဲ့ရသည်ကို ပြန့်သည် သတိရ၍ "အားထုတ်ချင်ပါသည်၊ အကူအညီပေးပါ" ဟု ဝမ်းသာစွာ တောင်းပန်လေသည်။

မကြာမီပင် စန္ဒာ ဒေါ်လှမြင့် ခေါ်သည့်နေ့၌ မဟာစည်သာသနာ့ရိပ်သာသို့လိုက်ပါ၍ တရားအားထုတ်လေသည်၊ တရားအားထုတ်စမှာပင် သမာဓိအားနည်းသဖြင့် နာရီပိုင်းမျှသာ အားထုတ်နိုင်ပါသည်၊ ရက်အတန်ကြာသောအခါ နေ့ရောညပါ အားထုတ်သောကြောင့် တရားပြည့်စုံသည့် အခြေ အနေသို့ ရောက်၍ ကမ္မဋ္ဌာနာစရိယဆရာတော်တို့က ခွင့်ပြုသဖြင့် ဉာဏ်စဉ် တရားနာခဲ့ရပါသည်။

ဒေါက်တာ သန်းနောင်သည် ဉာဏ်စဉ် တရားနာပြီးနောက် ဝတ်ကြောင်ကို ပယ်ခွာ၍ ရဟန်းဝတ်လိုစိတ်ဖြစ်လာသည်၊ သို့

http://www.dhammadownload.com



ပါသော်လည်း သံယောဇဉ်ကြိုးတိုက ရှိနေသဖြင့် အထမမြောက်ခဲ့ပါ၊ ဝိပဿနာတရားကို နေ့စဉ်ပင် တရားအားထုတ်မြဲ အားထုတ်နေသည်၊ ဇနီးနှင့်သားသမီးများ, ဆွေမျိုးစုတို့အား ဗုဒ္ဓသာသနာတော်၏ "ဓမ္မရသ" တရားအရသာကို ထိုက်တန် သလောက် ခံစားဖို့အတွက် ရဟန်းခံ, ရှင်ပြု, သီလရှင်ဝတ် မဟာဒါနအလှူတော်ကြီးကို တခမ်းတနားပြုလုပ်ရန် ဆွေမျိုးစုတို့နှင့် တိုင်ပင်ခဲ့ပါသည်။

အိမ်သူအိမ်သားနှင့်တကွ ဟင်္သာတမြို့မှ အမဖြစ်သူ ဒေါ်မြလေး၊ ထို့ပြင် ညီအစ်ကို မောင်နှမအားလုံးတို့ တူညီသောဆန္ဒဖြင့် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးအတွင်း၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး, တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဆရာတော်ဘုရားကြီးတို့အား ဦးထိပ်ထား၍ ပင့်သံဃာ ၂၅-ပါးတို့၏ မျက်မှောက်တွင် ဒေါက်တာ သန်းနောင်အပါအဝင် ရဟန်းလောင်း ၁၇-ပါး၊ သာမဏေလောင်း ၁၀-ပါးတို့အား ၁၃၃၇-ခုနှစ် နှောင်းတန်ခူး လဆန်း ၁၂-ရက်နေ့က မဟာစည် သာသနာ့ရိပ်သာ သိမ်တော်ကြီး၌ နံနက်ပိုင်း ၇-နာရီတွင် ရဟန်းခံရှင်ပြု ဥပသမ္ပဒမင်္ဂလာနှင့် ပဗ္ဗဇ္ဇမင်္ဂလာ ကျင်းပ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက စက်လေးပါးတရားတော်ကြီးကို ဟောကြားတော်မူပြီးလျှင် ရေစက်သွန်းချ အမျှပေးဝေပါသည်၊ ယင်း မဟာဒါနအလှူတော်ပွဲကြီးတွင် သက်န်းစသော လှူဖွယ် ဝတ္ထုပစ္စည်း အမျိုးမျိုးအပြင် နဝကမ္မ အလှူတော်ငွေ

http://www.dhammadownload.com



များကိုပါ အပ်စပ်သောနည်းဖြင့် လှူဒါန်းခဲ့ပါသည်၊ ပင့်သံဃာတော်များနှင့် ရိပ်သာတွင်းရှိ သံဃာတော်များ, ယောဂီများ, ဖိတ်ကြားထားသော ဧည့်သည်တော်များအား မွန်းမတည့်မီ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် ရသာ အဖြာဖြာတို့ ဆက်ကပ်ကျွေးမွေးလှူဒါန်းပါသည်၊ ထိုမဟာဒါန အလှူတော်ပွဲကြီးတွင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့် **စက်လေးပါး တရားတော်ကြီး** ကို ထိုစဉ်က အသံဖမ်းယူခဲ့သဖြင့် အသံမှ စာမူအဖြစ်, စာမူမှ စာအုပ်အဖြစ် ရောက်အောင် ဤအမှာစာရေးသူက ပြုစုဆောင်ရွက်ပေးခဲ့ပါသည်။

**မင်္ဂလာ အောင်မြင့်**
ဂုဏ်ထူးဆောင်အမှုဆောင်
မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com

### ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
### ဟောကြားတော်မူသော

# စက်လေးပါး ဘုရားတော်ကြီးစာအုပ်

### ဖြစ်ပေါ်လာခြင်း အကြောင်းရင်းမင်္ဂလာစကား

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

ကျွန်တော်သည် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အထောင်ကျေးရွာတွင် ရတနာမြတ်သုံးပါးအား ကြည်ညိုလေးစား အားထား ကိုးကွယ်ကြသောမိဘတို့မှ မွေးဖွားခဲ့ပြီးလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အရိပ် အာဝါသအောက်၌ ကြီးပြင်းလာခဲ့ရသူဖြစ်ပါသည်၊ ကျွန်တော်၏ အနန္တဂုဏ်အင် ကျေးဇူးရှင်ဖြစ်ကြသော မွေးသမိခင်, မွေးသဖခင်တို့သည် မျိုးရိုးစဉ်လာအရ ရတနာမြတ်သုံးပါးကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်အားထားသူများ ပီသစွာ အသိအလိမ္မာ ပြည့်ဝကြသူ, သာသနာရေး, ဘာသာရေးတို့ကို အစဉ်အလာအရ ခမ္ဘာ လျှော်စွာ ကျင့်သူများ ဖြစ်သကဲ့သို့ သားသမီးများကို လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်းကောင်း ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုအတွင်း သိမ်းသွင်းလေ့ ရှိပါသည်။

ကျွန်တော်သည် ငယ်စဉ်ကပင် လောကီ အကန်းကောင်းတွင် အချိန်ပြည့်နေခဲ့သည်မဟုတ်ပါ၊ အကျင့်သိက္ခာ ပြည့်စုံပါ

http://www.dhammadownload.com



သော ရွာဦး ဘုန်းတော်ကြီးကျောင်း၌သာ ကျောင်းသား အဖြစ်တစ်လှည့်, ရှင်သာမဏေအဖြစ်တစ်လှည့် နေခဲ့ရပါသည်။

ကျွန်တော်၏မိခင်ကြီးသည် ကျွန်တော်အား ဗုဒ္ဓသာသနာ တော်၏ ယဉ်ကျေးမှုအမွေအနှစ်ကို ငယ်ငယ်ကပင် ခံယူရရှိရန် ရဟန်း သံဃာနှင့် နီးကပ်အောင် ထားခဲ့ပါသောကြောင့် ကျွန်တော်၏ အသည်းနှလုံးတွင် ဗုဒ္ဓသာသနာတော်၏ ဂုဏ်ရည် ကျင့်ဝတ်တို့ ယုံကြည်စွဲမြဲစွာ ခံယူရရှိခဲ့သူ ဖြစ်ပါသည်။

## ခေတ်ပညာသင်ကြားခြင်း

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ မိဘတို့၏အမြော်အမြင် ဖြင့် ကျွန်တော်၏ အနာဂတ်လူလားမြောက်ရေးအတွက် ခေတ် ပညာသင်ကြားနိုင်ရန် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ ထားခဲ့သော ကြောင့် မိဘ,ဆွေမျိုးများနှင့် ခွဲခွာခဲ့၍ လူမှုရေး ပညာတို့ကို သင်ကြားခဲ့ပါသည်၊ ကျွန်တော်၏ မိဘရိုးရာ ယဉ်ကျေးမှုဖြစ် သော ရတနာမြတ်သုံးပါး အနန္တကျေးဇူးရှင်များ၏ ဂုဏ်ကျေး ဇူးများကို အစဉ်သတိရလျက် ဒါန, သီလစသော ကုသိုလ် ကောင်းမှုများကို ဝတ်မပျက်စေဘဲ ကောင်းစွာ နေထိုင် ကျင့် သုံးရင်း လူမှုရေးပညာတို့ကို သင်ကြားခဲ့ပါသည်။

## ဆေးတက္ကသိုလ်၌ ဆေးပညာသင်ခြင်း

ကျွန်တော်သည် ဆေးတက္ကသိုလ်၌ ဆေးပညာကိုသင်ကြား သောအခါ၌လည်း ရတနာမြတ်သုံးပါးနှင့် မိဘ ဆရာသမား

http://www.dhammadownload.com



တို့ကို နေ့စဉ်မမေ့အောင် အနန္တငါးပါးအား ပူလုပ်နေကြ ဗုဒ္ဓယဉ်ကျေးမှု ဝတ်များကို မပျက်မကွက်အောင် ပူလုပ်ခဲ့ပါသည်၊ ဆောဘက္ကသိုလ်၌ သိပ္ပံဘွဲ့ကိုရသောအခါ မြန်မာနိုင်ငံအတွင်း၌ လှည့်လည်၍ အမှုထမ်းခဲ့စဉ်ကလည်း အနန္တငါးပါးအား နေ့စဉ်ပူလုပ်ရမည့်ဝတ်ကြီးဝတ်ငယ်တို့ကို ဦးထိပ်ထား၍ ဥပုသ်နေ့တိုင်းပင် ရှစ်ပါးသီလကို မပြတ် စောင့်ယမ်းခဲ့သည့်အပြင် သက်သတ်လွတ်လည်း စားသုံးခဲ့ပါသည်။

## ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ဆေးတက္ကသိုလ်၌ ဆေးပညာဘွဲ့ယူ

နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ပညာသင်ကြားရန် အခွင့်ရသောအခါ ၁၉၆၉-ခုနှစ်က ဥရောပတိုက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဆေးပညာ ဘွဲ့လွန်သင်တန်း တက်ရောက်နေစဉ် ဩစတြေးလျားနိုင်ငံ ပယ်မြို့သူ မစ္စဂျင်နီဆိုသူ ကျောင်းသူ တစ်ဦးက ကျွန်တော်အား "မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ကျောင်းသားတစ်ဦး ဖြစ်ကြောင်း" ကြားသိရသဖြင့် သူမသည် ကျွန်တော့်အား မိတ်ဆွေဖွဲ့လာပြီးလျှင် သူအလွန်စိတ်ဝင် စားနေသော ဗုဒ္ဓသာသနာတော်၏ အမြင့်မြတ်ဆုံးဖြစ်သော သမထဘာဝနာနှင့် ဝိပဿနာကျင့်စဉ်များကို သိလိုပါကြောင်း လေးစားစွာမေးမြန်းပါသည်။

## ဩစတြေးလျားနိုင်ငံ ပယ်မြို့သူ၏အမေး

ကျွန်တော့်မှာ မြန်မာပြည်၌နေခဲ့တုန်းက မိဘတို့၏ သင်ပြမှုနှင့် ရွာဦးကျောင်း ဘုန်းတော်ကြီး၏ သင်ပြမှုလောက်သာ

http://www.dhammadownload.com



နားလည်ကျင့်သုံးခဲ့ရသောကြောင့် ဒါန၊ သီလလောက်သာ သိခဲ့ပါသည်၊ သို့ဖြစ်၍ ကျွန်တော်သည် ဗုဒ္ဓယဉ်ကျေးမှု၏အခြေခံဖြစ်သော အသိအလိမ္မာလောက်သာရှိသူ၊ အနန္တငါးပါးရှိသေ မြတ်နိုးမှုနှင့် ဥပုသ်သီတင်း ဆောက်တည်မှု၊ နေ့စဉ် ငါးပါး သီလ ဆောက်တည်မှုမျှလောက်သော သိခဲ့သူ၊ ကျင့်သုံးခဲ့သူ ဖြစ်ပါသည်။

နိုင်ငံခြားသူ၏အမေး-သမထဝိပဿနာကို ဘယ်သို့မျှ မဖြေနိုင်သည့်အတွက် ထိတ်လန့်တုံလှုပ်ပြီး သံဝေဂ ရမိပါသည်၊ ကျွန်တော်သည် ဗုဒ္ဓသာသနာတွင်း ဗုဒ္ဓသာသနာဝင် မိဘတို့မှ မွေးဖွားသူ တစ်ဦးလည်းဖြစ်၊ ဗုဒ္ဓသာသနာကို အမြတ်တနိုး ကိုးကွယ်သူလည်း ဖြစ်ပါလျက် ဗုဒ္ဓသာသနာတော်၏ အမွေ အနှစ် အမြတ်ဆုံးဖြစ်သောမဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်၊ ရောက်နိုင်၊ ကျွတ်တန်းဝင်နိုင်သော ဗုဒ္ဓသာသနာတော်၏ အနှစ်သာရ ဖြစ်သည့် သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ကျင့်သုံးဖို့ နေနေသာသာ သမထ၊ ဝိပဿနာဆိုသောအမည်ကိုပင် မသိခဲ့သေး၍ ကျွန်တော့်မှာ များစွာယူကျုံးမရ မျက်နှာမလှ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်မှာ ဟင်းအိုးမွှေယောက်မသည် ဟင်းအရသာ မသိသလို ငါသည် ဗုဒ္ဓသာသနာဝင် အမျိုးသားတစ်ယောက် ဟူ၍သာ ဆိုရသော်လည်း ဒါန၊ သီလလောက်ဖြင့်သာ ကျေနပ် ရောင့်ရဲနေခဲ့သည်၊ သာသနာတော်၏ အနှစ်သာရ ဖြစ်သော သမထဝိပဿနာကို ငါမခံစားရ ပါသေးတကား၊ ဟင်းအိုး

http://www.dhammadownload.com



တိုင်းကို မပြတ်မွှေနှောက်နေရသော ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ ငါသည်လည်း ဗုဒ္ဓသာသနာဝင်သော ဆိုရသည့် ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော သဒ္ဓ ဝိပဿနာ၏ အရသာကို မခံစားရပါသေးတကားဟု နှလုံး မသာဖြစ်ခဲ့ပါသည်။

## စဝ္ဘာ ဒေါ်လှမြင့်၏ကျေးဇူး

ကျွန်တော်သည် မြန်မာပြည်သို့ ပြန်ရောက်သည့် အခါ မကြာမီပင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါ ခွဲစိတ်ကုဌာနမှ သူနာပြုဆရာမကြီး ( ယခု မဟာစည်သာသနာ့ရိပ်သာ ဆေးခန်း မှူး ) စဝ္ဘာ-ဒေါ်လှမြင့်၏ တိုက်တွန်းနှိုးဆော်မှု အကူအညီ ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ဝပ်စင်းရိုကြိုးလက်စုံမိုး၍ ဝိပဿနာအလုပ်ပေး တရားတော်ကို နာယူခွင့်တောင်းခံရပါသည်။

## ဝိပဿနာအလုပ်ပေးတရား နာရခြင်း

အလုပ်ပေးတရားကို နာယူခွင့် ရပြီးနောက် ကနဦးအစ၌ တနင်္ဂနွေ တစ်ပတ်တစ်ကြိမ် တစ်နာရီခန့်မျှ တနင်္ဂနွေနေ့တိုင်း တရားထိုင်၍ ရှုမှတ်ခဲ့ရပါသည်၊ ထိုနောက်ထိုင်ပုံ အချိုးကျလာ သောအခါ တစ်ဆင့်တက်၍ အချိန်ပိုင်း ညယောဂီအဖြစ်ဖြင့် ရှုမှတ်ပွားများ အားထုတ်ခဲ့ရပါသည်၊ ထိုစဉ်က ကမ္မဋ္ဌာနာ စရိယ ဆရာတော်များမှာ ဦးပဏ္ဍိတာဘိဝံသ ( ယခု ဩဝါဒါ စရိယ)ဆရာတော်၊ အရှင်ဇနကာဘိဝံသ(ယခု ချမ်းမြေ့ရိပ်သာ

http://www.dhammadownload.com



ဆရာတော်) ဆရာတော်ဦးဇဝန (စံလွန်တော်မူ)၊ ဆရာတော် ဦးဝဏ္ဏိတ (ဖျာပုံဆရာတော်) အရှင်မြတ်တို့က တရားပြသွန်သင် ဆုံးမ နည်းညွှန်ပြတော်မူကြပါသည်။

## မဟာစည်ဆရာတော်ဘုရားဟောကြား ဉာဏ်စဉ်တရား

ကျွန်တော်သည် ပထမ ၃-လခန့်သာ အချိန်ပိုင်းအားထုတ် ခဲ့ပြီးနောက် အလုပ်သဘောပေါက်သောအခါ ဆက်လက်၍ အချိန်ပြည့်အားထုတ်လေရာ ၃-လခန့်မျှဖြင့်ပင် တရားပြည့်စုံခဲ့၍ ဉာဏ်စဉ်နာကြားဖို့ အခွင့်ရခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ် တော်တိုင် ဝိပဿနာ အလုပ်ပေးတရားတော်ကို (ဟောကြား) ပေးသနားတော်မူသကဲ့သို့ ဉာဏ်စဉ်တရားတော်ကိုလည်း ကိုယ် တော်တိုင်ပင် ဟောကြားတော်မူသောအခါ အားထုတ်စဉ်က တွေ့ခဲ့ရသော ဉာဏ်စဉ်များကို ပြန်လည်၍ကိုယ်တိုင်သိ နာကြား ရသဖြင့် အလွန်တရာ ထူးထူးခြားခြားပင် မခံစားခဲ့ရဖူးသော အရသာတို့ကို ခံစားရပါသောကြောင့် မကြုံစဖူး အလွန်ထူးခြား သော ပီတိ,ပဿဒ္ဓိ, သမာဓိစသော ဓမ္မရသတို့ကို ခံစားကြရပါ သောကြောင့် လူဖြစ်ကျိုးနပ်ပါပေစွာဟု လွန်စွာလွန်စွာအားရ ဖြစ်ခဲ့ပါသည်။

## ဗုဒ္ဓသာသနာပင်တိုင်း အားထုတ်ရမည့် ဝိပဿနာတရား

ဉာဏ်စဉ်တရားနာပြီးနောက် သဘောပေါက်မိသည်မှာ ဝိပဿ နာတရားကို ဘယ်အယူဝါဒကို ယူသူပင်ဖြစ်စေ အမျိုးသား

http://www.dhammadownload.com



တိုင်း, အမျိုးသမီးတိုင်း ကြီး,ငယ်မရွေး အားထုတ်ထိုက်သည့် အဖိုးတန်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း,ကြိုးစားအားထုတ်ရှုမှတ် ပါလျှင် ၇-ရက် ၇-လဖြင့်ပင် တရားပြည့်ဝလာ၍ မကောင်းမှု ဒုစရိုက်တို့ကို လုံးဝရှောင်ရှားနိုင်ပြီး သီလပြည့်,သမာဓိပြည့်ဝ, ဝိပဿနာဉာဏ်ပြည့်ဝ၍ နေ့စဉ်နေ့တိုင်း စိတ်ချမ်းသာ ကိုယ် ကျန်းမာရွှင်ကြပြီး ကောင်းမှုကုသိုလ် အရပ်ရပ်တို့ကို ပြုလုပ်ဘိုင်း, ပြုလုပ်တိုင်း အကျိုးပေးနိုင်သည် ဖြစ်ပါသောကြောင့် မိမိ တစ်ဦးတည်းသာမက တစ်အိမ်သားလုံး အိမ်ရှင်မနှင့် သား သမီးများပါ, ဆွေသားမျိုးစုပါမကျန်နိုးဆော်၍ ဗုဒ္ဓသာသနာ ဝင်တိုင်း အားထုတ်ရမည့်တရား ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်သည်ပင် ၁၉၇၆ ခုနှစ်(၁၀-၄-၇၆) နေ့က ကျွန်တော်အပါအဝင် ကျွန်တော်၏ ဆွေသားမျိုးစုနှင့် မိတ်သင်္ဂဟအားလုံးစုပေါင်း၍ ရဟန်းခံထိုက်သူတို့ကို ရဟန်း ဘောင်တင်၍ ရှင်အဖြစ်ခံထိုက်သူတို့ကို ရှင်သာမဏေပြုပေး၍ သီလရှင်ဝတ်ထိုက်သော သမီးတို့အား သီလရှင်ဝတ်စေပြီးကာ စုပေါင်းမဟာဒါန အလှူပွဲကြီးကို မဟာစည်သာသနာ့ရိပ်သာ ကြီးအတွင်း၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး များ အမှူးထား၍ ရိပ်သာအတွင်းရှိ သာသနမလဝိသောဓနီ သိမ်တော်ကြီးအတွင်း၌ ကျင်းပခဲ့ပါသည်၊ မဟာစည် ဆရာ တော်ဘုရားကြီးက စက်လေးပါးတရားတော်ကို ဟောကြား တော်မူ၍ ရေစက်သွန်ချ ပေးသနားတော်မူပါသည်။

http://www.dhammadownload.com



ပင့်သံဃာတော်များနှင့် ရိပ်သာအတွင်းရှိ သံဃာကုန့်, ယောဂီကုန့်, ဝေယျာဝစ္စအကုန့်, ရုံးအမှုထမ်းများ, ဖိတ်ကြားထားသော ပရိသတ်များပါမကျန် နေ့ဆွမ်း ဆက်ကပ် ကျွေးမွေး၍ သက်နိုးစသောလှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းခဲ့သည့်အပြင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရကလည်း ထိုနေ့မွန်းလွဲ ၁-နာရီ အချိန်၌ အာသီဝိသောပမသုတ္တန် တရားတော်ကို ဟောကြား ချီးမြှင့်တော်မူခဲ့ပါသည်၊ ကျွန်တော်တို့ မိသားစုအားလုံးလည်း တရားအားလုတ်ကြပါသည်။

အလှူပွဲ၌ ဟောကြားသောတရားတော်များကို နာကြားခွင့်ဖတ်ကြားခွင့်ရကြသော သူတော်စင်တို့ အဖို့ရာမှာ စိတ်နှလုံးအေးချမ်းကြည်သာ၍ လူဖြစ်ရကျိုးနပ်ကြသည့်အပြင် လောကီကြီးပွားချမ်းသာရေး, လောကုတ္တရာတရား ရင့်သန်တိုးတက်ရေးတို့အတွက် ကောင်းမြတ်သောအကြောင်း အထောက်အပံ့ရကြသည်သာမက ယခု မျက်မှောက်ဘဝ၌ပင် စိတ်ချမ်းသာကိုယ်ကျန်းမာအောင် ကောင်းစွာနေတတ်, ကောင်းစွာကျင့်သုံးတတ်, ငယ်ရွယ်သူတို့အား ကောင်းစွာသွန်သင်ဆုံးမတတ်, ကြီးပွားချမ်းသာကြောင်း အကြံကောင်းပေးတတ်၍ ယခုပစ္စုပ္ပန်၏ဘဝ၌လည်း အေးချမ်းသာယာစွာ နေရသလို အနာဂတ်ဘဝ၌လည်း ကောင်းရာသုဂတိ ရောက်နိုင်ပါသောကြောင့် ဤစက်လေးပါး တရားတော်ကို စာအုပ်အဖြစ် စက်တင်ပုံနှိပ်၍ ဓမ္မဒါနအဖြစ် ရဟန်း, ရှင်, လူ, သူတော်စင် အပေါင်းတို့အား ပေးလှူ ဆက်ကပ် ဝေငှအပ်ပါသည်။

http://www.dhammadownload.com



ကျွန်တော်အား ယခုကဲ့သို့ သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် အကူအညီပေးကြသော ပုဂ္ဂိုလ်များ အားလည်းကောင်း၊ လောကုတ္တရာတရား ပွားများ အားထုတ်နိုင်ရန် သာသနာ့အမွေအနှစ် တရားစစ် တရားမှန်တို့ကို ဟော ညွှန် ပြသတော်မူကြကုန်သော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးပြုသည့် သံဃာတော် အရှင်မြတ်တို့ နှင့်တကွ အသိပညာ အလိမ္မာ ပြည့်ဝတော် မူကြကုန်သော ကလျာဏမိတ္တ သူတော်စင် အပေါင်းတို့အား လည်းကောင်း နေ့စဉ်နှင့်အမျှ ဦးညွှတ်ရိုကျိုး ရှိခိုးလျက်ရှိပါသည်၊ လောကီ ရေးဆိုင်ရာ အနေအထိုင်, အပြောအဆိုကအစ သွန်သင်ဆုံးမ သင်ကြားပြသခဲ့ကြသော ငယ်ဆရာကြီးနှင့် ဆရာအားလုံးတို့ အားလည်း လေးမြတ်ရိုသေရင်း ရှိသည့်အတိုင်း သက္ကစ္စဂါရဝ ဖြင့် နေ့ညမကွာ ဦးညွှတ်ပူလျက် ရှိပါသည်၊ ပြုခဲ့သမျှသော လောကီကုသိုလ်, လောကုတ္တရာကုသိုလ် အရပ်ရပ်တို့ကို ပြုတိုင်း ပြုတိုင်းပင် ဘိုးဘွားမိဘနှင့် မိမိတို့ထက် အသက်ကြီးသူ, ဂုဏ် ကြီးသူ, သိက္ခာကြီးသူတို့အား နေ့စဉ် အမျှအတန်း ပေးဝေ ပါသည်။

ကျွန်တော်အား ယခုကဲ့သို့ သာသနာ့အကျိုး သယ်ပိုးထမ်း ရွက်ရင်း သာသနာ့အမွေအနှစ်, တရားစစ်တရားမှန်တို့ကို ကျင့် ကြံပွားများအားထုတ်နိုင်ရန် အကြောင်း အထောက်အပံ့ ပြုဖူး ကြသော ကျေးဇူးရှင် မိခင်, ဖခင်, အစ်ကို, အစ်မ, ဆွေမျိုးမိတ် သင်္ဂဟတို့နှင့် လောကီ လောကုတ္တရာ ပညာများကို သင်ကြား

http://www.dhammadownload.com



ပြသ ဆုံးမတော်မူခဲ့ကြသော ရဟန်း, ရှင်, လူ, ဆရာဟူသမျှ ကျေးဇူးရှင် အနန္တတို့အား လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏။

ဤ ဓမ္မဒါနစာအုပ် ဖြစ်မြောက်ရေးအတွက် စေ့ဆော်တိုက်တွန်း၍ အစမှအဆုံးတိုင်အောင် မြတ်သောစိတ်နှလုံးဖြင့် ကူညီပြင်ဆင်တည်းဖြတ် ကြီးကြပ်ဆောင်ရွက်ပေးသော ဆရာမင်္ဂလာဦးအောင်မြင့်အား အမှူးထား၍ ဤကောင်းမှုနှင့်စပ်သမျှပုဂ္ဂိုလ်တို့အား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာ-သန်းနောင်

၁၃၅၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁-ရက်၊
(သောကြာနေ့)

http://www.dhammadownload.com

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ
မဟာစည်သာသနာ့ရိပ်သာ မဟာသိမ်တော်ကြီး၌
၁၃၃၇-ခုနှစ်၊ နယုန်တန်ခူးလဆန်း ၁၂-ရက်နေ့က
ဒေါက်တာဦးသန်းနောင်-ဒေါ်နှင်းနှင်းသန်း မိသားစုတို့၏
ရှင်ပြုရဟန်းခံအလှူတော်မင်္ဂလာ
ရေစက်သွန်းချ အမျှဝေပွဲတွင်
ဆဋ္ဌသင်္ဂါယနာပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# စက်လေးပါး အနုမောဒနာ
# တရားတော်ကြီး

စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။

ဘိက္ခဝေ - ရဟန်းတို့၊ ဣမာနိစက္ကာနိ - ဤပြည့်စုံကြောင်းဖြစ်သော စက်တို့သည်၊ စတ္တာရိ-လေးပါးတို့ပေတည်း။

စက္က - စက်ဆိုတာ အဝန်းအဝိုင်း၊ ဝန်းဝိုင်းနေတဲ့ဟာကို စက်၊ အဝိုင်းတွေပေါ့လေ၊ လောကမှာတော့စက်ဆိုလို့ရှိယင်အလို

http://www.dhammadownload.com



လို သွားနေတဲ့ယန္တရားလို့ ဒီလိုနားလည်ကြတယ်၊ ဒီဟာကတော့ အဝန်းအဝိုင်းပါဘဲ၊ စက္က - အဝန်းအဝိုင်းတဲ့၊ သို့သော်လဲ အလိုလိုသွားနေတဲ့ယန္တရားစက်တွေမှာလဲ အဝန်းအဝိုင်းတွေက ပါတာဘဲ၊ သူကလဲမပါလို့မဖြစ်ဘူး၊ ဘီးတွေက အဝိုင်းတွေနှင့် လည်ရတာ၊ အဲဒီ အဝန်းအဝိုင်း စက်လေးခုရှိပါတယ်။

ယေဟိ-ယင်းလေးပါးသော သမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာနံ - ပြည့်စုံကုန်သော၊ ဒေဝမနုဿာနံ - နတ်လူတို့အား၊ စတုစက္ကံ - လေးပါးသောစက်ဝိုင်းသည်၊ ဝတ္တတိ - တစ်ဖန်ပြန်လျက်လည်နေ၏။

အဲ....စက်လေးပါးနှင့် ပြည့်စုံလို့ရှိလျှင် အဲဒီ စက်လေးပါးဆိုတာ တစ်ခုပြီးတစ်ခု အစဉ်အတိုင်း လည်နေတာကိုး၊ သူကလည်နေတာ၊ စက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ လူဖြစ်ဖြစ်,နတ်ဖြစ်ဖြစ် အဲဒီ စက်လေးပါးတွေ ပြန်ပြီးတော့ လည်နေတာဘဲ၊ တစ်ပတ်ပြီးတစ်ပတ်, တစ်ပတ်ပြီးတစ်ပတ်, ပြန်လည်နေတယ်၊ သမ္ပတ္တိစက် ပြည့်စုံကြောင်းဖြစ်တဲ့ တရားတွေပေါ့၊ ဒါပါဘဲ ပြည့်စုံကြောင်းဖြစ်တဲ့ တရားတွေ တစ်မျိုးပြီးတစ်မျိုး ဆက်သွယ်ပြီးတော့ လည်နေတယ်။

ယေဟိ-ယင်းသမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာ - ပြည့်စုံကုန်သော၊ ဒေဝမနုဿာ - နတ်လူတို့သည်၊ ဘောဂေသု - အသုံးအဆောင် စည်းစိမ်ဥစ္စာရတနာတို့၌၊ နစိရဿေဝ - မကြာမြင့်မီလျှင်၊ မဟန္တတ္တံ-ကြီးကျယ်သည်၏အဖြစ်သို့၊ ဝေပုလ္လတ္တံ - ပြန့်ပြောသည်၏ အဖြစ်သို့၊ ပါပုဏန္တိ-ရောက်လေကုန်၏။

http://www.dhammadownload.com



အဲဒီသမ္မတ္တိစက်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ အသုံးအဆောင် ဖြစ်တဲ့ စီးပွားဥစ္စာရတနာတွေ, စည်းစိမ်ချမ်းသာတွေ အရာရာမှာ ကြီးကျယ်ခြင်း, ပြည့်စုံခြင်း ရောက်သွားတယ်တဲ့၊ မကြာခင်မှာလဲ ရောက်သွားတယ်။

## စက်လေးပါးသရုပ်

ကတမာနိ စတ္တာရိ-အဘယ်လေးပါးတို့နည်းဟူမူကား၊ ပတိရူပဒေသဝါသော, သပ္ပုရိသာဝဿယော, အတ္တသမ္မာပဏိဓိ, ပုဗ္ဗေစ ကတပုညတာ။

၁။ ပတိရူပဒေသဝါသော - သင့်တင့် လျောက်ပတ်သော အရပ်၌ နေရတာက စက်တစ်ပါး, စက်ဝိုင်းရဲ့ အစိတ်အပိုင်းကလေး တစ်ခုပါဘဲ။

၂။ သပ္ပုရိသာဝဿယော - သူတော်ကောင်းကို မှီဝဲရတာကလဲ စက်တစ်ပါး။

၃။ အတ္တသမ္မာပဏိဓိ - မိမိကိုယ်တိုင် ကောင်းစွာ ဆောက်တည်ထားတာကလဲ စက်တစ်ပါး။

၄။ ပုဗ္ဗေစ ကတပုညတာ - ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိတာကလဲ စက်တစ်ပါး။

အဲဒီ စက်လေးပါးဘဲ၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီစက်တွေ ထပ်ကာ ထပ်ကာ လည်နေဘယ်၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဟာ စီးပွားဥစ္စာ ရတနာတွေနဲ့

http://www.dhammadownload.com



ကြီးကျယ်ခြင်း, မြင့်မြတ်ခြင်းသို့ မကြာခင်ရောက်တာဘဲ၊ စီးပွား ချမ်းသာတွေနဲ့ ကြီးပွားချမ်းသာနေရတယ်လို့ ဆိုလိုပါတယ်။

## ၁။ ပတိရူပဒေသဝါသစကားဆိုတာ

အဲဒီ စကားလေးပါးထဲက ပထမဆုံးက ပတိရူပဒေသဝါသ-သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းတဲ့၊ လောကဘက် ကလဲ ပတိရူပဒေသ - သင့်တင့်လျောက်ပတ်သောအရပ်, တရား ဘက်ကနေကြည့်ယင်လဲ ပတိရူပဒေသ - သင့်တင့် လျောက်ပတ် သော အရပ် အရေးကြီးတာဘဲ။

လောကဘက်က သင့်တင့်လျောက်ပတ်တဲ့ အရပ်ဆိုတာ ဘေး အန္တရာယ်တွေကင်းလို့ စီးပွားဥစ္စာရတနာတွေ လွယ်လွယ်ကူကူနဲ့ ရနိုင်ပါတယ်၊ ကြီးပွားနိုင်တယ်၊ ချမ်းသာနိုင်တယ်ဆိုတဲ့ နေရာ ဌာနဘဲ၊ အဲဒီလိုနေရာ နေရတယ်၊ တောကြိုတောင်ကြား အစွန် အဖျားတို့ အဲဒီလို အရပ်တွေရှိတယ်၊ အဲဒီ အရပ်တွေကတော့ စီးပွားဥစ္စာရတနာတွေ ရဖို့ရာမလွယ်ဘူး။

အဲဒီမှာ ပေါတဲ့ပစ္စည်းတွေလဲ ပေါပါရဲ့၊ သူက ကောင်း ကောင်းမွန်မွန်တွေလဲ မဟုတ်ဘူး၊ အသုံးအဆောင်တွေ ပေါတဲ့ ပစ္စည်းတွေလဲ ရှိပါရဲ့၊ ဒါပေမယ့်လို့ ပစ္စည်းကောင်းတွေ ကောင်း သထက်ကောင်းတာတွေကတော့ အစွန်အဖျားကျတဲ့ နေရာမှာ တယ်မရှိဘူး၊ အဲဒီနေရာယူလာဖို့ရာကလဲ မလွယ်ဘူး၊ ဝေးတာနဲ့ အဆက်အသွယ်ကလဲ မရှိဘဲနဲ့ နေရတတ်တယ်၊ တချို့ တချို့ လိုချင်ပါတယ်ဆိုယင် အဲဒီလို အစွန်အဖျားကျတဲ့ နေရာတွေမှာ

http://www.dhammadownload.com



ရဖို့ခက်တယ်၊ အဲဒီက လူတွေဟာ ဘယ်မှလဲ မရောက်ဖူးဘူး၊ သူတို့နေရာတွင် သူတို့နေနေကြတာဘဲ၊ ဒိပြင်အရပ်က အကြောင်းတွေလဲ ဘာမှမသိကြဘူး၊ အဲ....သူတို့က တောကြိုဘောင်ကြားမှာ နေနေကြတယ်၊ မြို့တို့ သာယာစည်ကားတဲ့ ရွာတို့ဆိုတာ သူတို့ မရောက်ဖူးဘူး၊ အစွန်အဖျားတွင်နေနေကြတာ ဘာမှအကောင်း အမွန်တွေကို မသိကြဘူး။

အခုခေတ်ကာလဘော့ဖြင့် ခေတ်အားလျော်စွာ တိုးတက်မှုက ရှိတာနဲ့ နေရာတကာမှာ အကောင်းအမွန်တွေက ပြန့်ပြီးတော့သွားတယ်၊ အရပ်တိုင်း အရပ်တိုင်း သွားရေး လာရေးတွေကလဲ လွယ်ကူတယ်၊ လမ်းပန်းတွေကလဲ သာယာတယ်၊ သွားလို့ လာလို့လွယ်ကူတယ်၊ အစွန်အဖျားကျတဲ့နေရာတောင် သိပ်မရှိတော့ပါဘူး၊ နည်းနည်းတော့ ရှိပါသေးတယ်၊ အဲဒီလို အစွန်အဖျားကျတဲ့ နေရာတောင် နေယင် ကြီးပွားသင့်သလောက် မကြီးပွားဘူး။

လောကမှာ အသက်မွေးဝမ်းကျောင်းပညာ အကြီးအကျယ်တတ်သိ နားလည်နေပေမယ်လို့ အစွန်အဖျားကျတဲ့ နေရာမှာ ကြီးကြီးကျယ်ကျယ် အလုပ်လုပ်လို့ မဖြစ်ဘူး၊ စီးပွားဥစ္စာတွေ ဖြစ်ထွန်းအောင် လုပ်နိုင်တဲ့အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ပေမယ်လို့ အစွန်အဖျားကျတဲ့ နေရာမှာ သွားနေယင် သိပ်ကြီးကြီး ကျယ်ကျယ် မလုပ်နိုင်ဘူး၊ တော်ရုံဘဲ၊ ဒီအရပ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ ထက်တော့ သူကသာမှာပေါ့၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ဟာ သူများထက်သာဖို့တော့ရှိပါတယ်၊ ဒါပေမယ့် သာယာစည်ကား

http://www.dhammadownload.com



တဲ့ မြို့ကြီးများ နိုင်ငံများက အခြေအနေနဲ့ စာကြည့်ယင်တော့ အသေးအပွဲကလေးဖြစ်ပြီးတော့ နေတယ်။

ဒါကြောင့် လောကဘက်ကလဲ ပတိရူပဒေသဝါသ-သင့်တင့်လျောက်ပတ်သော အရပ်မှာနေဖို့က အရေးကြီးတယ်၊ သင့်တင့်လျောက်ပတ်သောအရပ်, သာယာစည်ကားတဲ့အရပ်, ရွာဖြစ်ဖြစ် မြို့ဖြစ်ဖြစ် အထူးအားဖြင့်တော့ မြို့တွေပေါ့။

မြို့မှာလဲ မြို့ကလေးထက် မြို့ကြီးကဘေးအန္တရာယ်ကင်းတယ်၊ စီးပွား ဥစ္စာရတနာတွေလဲ ရအောင် အလုပ်လုပ်မယ်ဆိုယင်ဖြင့် လွယ်လွယ်နဲ့ရနိုင်ပါတယ်ဆိုယင် အဲဒီလို ဌာနတွေ, နိုင်ငံအနေအားဖြင့်လဲ ဖွံ့ဖြိုးကြီးပွားစေနိုင်တဲ့ နိုင်ငံတွေပေါ့လေ၊ အဲဒီလို နိုင်ငံတွေကတော့ ကမ္ဘာမှာ ဒိပြင်နိုင်ငံတွေနဲ့ စာကြည့်ယင် နတ်ပြည်လို ဖြစ်တာဘဲ၊ အင်မတန်ကောင်းပါတယ်။

အဲဒီလိုနေရာမှာနေယင် ကြီးပွားချမ်းသာနိုင်တယ်၊ ဒါကြောင့် ပတိရူပဒေသဝါသ-သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းဟာ အရေးကြီးပါတယ်၊ ဒါ စက်တစ်ခုဘဲ၊ သင့်တင့် လျောက်ပတ်သော အရပ်တော့ စီးပွားဥစ္စာရတနာတွေလဲဖြစ်, ကိုယ်အလိုရှိအင်တဲ့ အကျိုးတွေလဲ ဆောင်ရွက်နိုင်တယ်၊ အဲဒါက လောကဘက်က ပတိရူပဒေသဝါသပါဘဲ။

တရားဘက်က ပတိရူပဒေသဝါသကတော့ ဘုရား, တရား, သံဃာ, ရတနာသုံးပါးမှီခိုရတဲ့နေရာ၊ ဘုရားကတော့ ပရိနိဗ္ဗာန်စံသွားတော့ မရှိဘူး၊ ဒါပေမယ့်လို့ ဘုရားကို ရည်စူးပြီးတော့

http://www.dhammadownload.com



တည်ဆောက်ထားတဲ့ ဥဒ္ဒိဿစေတီဆိုတာ ရှိတယ်၊ ဆင်းတုတော်တွေ ဘာတွေပေါ့လေ၊ ပရိဘောဂစေတီဆိုတာရှိတယ်၊ ဘုရားအသုံးအဆောင်တွေထည့်ထားတဲ့နေရာတွေပေါ့လေ၊ဓာတုစေတီ ဓာတ်တော်တွေ အဲဒီဟာတွေ ထည့်ထားတဲ့ နေရာပေါ့လေ၊ အဲဒီလို ဘုရားပရိနိဗ္ဗာန်စံသွားသော်လဲ ဘုရားအနေနဲ့ အာရုံပြုပြီးတော့ ကိုးကွယ်ဖို့ရာ, အရိုအသေပြုဖို့ရာ စေတီတော်တွေ ထင်ရှားတဲ့နေရာတဲ့၊ စေတီတော်ဆိုတာ ကြည်ညိုဖွယ်ရှိတဲ့စေတီတော်တွေပေါ့လေ၊ ဓာတ်တော်တွေ ဘာတွေ သေသေချာချာ ရှိနေတဲ့စေတီတော်တွေ အဲဒါတွေက အရေးကြီးတယ်၊ ဆင်းတုတော်ဆိုယင်တော့ ဓာတ်တော်တွေ မပါပေမယ့် ဆင်းတုတော် သက်သက်လဲဘဲ ဘုရားပုံတော် အာရုံပြုလို့ ရနေတာပါဘဲ၊ အဲဒီလို သာသနာထွန်းကားတဲ့ အရပ်မှာနေလို့ရှိယင် ဘုရားကိုလဲ ပူဇော်ရ, သံဃာတော်ဆိုတာလဲ တွေ့ကြုံရ,လှူရ,တန်းရ, အရိုအသေပြုရ, ကုသိုလ်တွေပွားတယ်၊ အဲဒီလို အရပ်မှာနေတာဟာ ပတိရူပဒေသဝါသဘဲ၊ သင့်တင့် လျောက်ပတ်သော အရပ်နေလို့ တရားနာရတယ်၊ ဘုရား, တရား, သံဃာတော်နဲ့ နီးစပ်ရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားများရတယ်၊ ဒါ သင့်တင့် လျောက်ပတ်သော အရပ်မှာနေလို့ ဖြစ်ပေါ်လာတဲ့ အကျိုးတွေဘဲ။

## ၂။ သူတော်ကောင်းအမှီရတယ်ဆိုတာ

သပ္ပုရိသာဝဿယော - သူတော်ကောင်းကို မှီခိုရခြင်းဘဲ၊ ဒါက အရေးကြီးတယ်၊ ရှေးဦးစွာ မိဘသူတော်ကောင်းဟာ

http://www.dhammadownload.com



အရေးကြီးဆုံးတဲ့၊ မိဘကဗုဒ္ဓသာသနာဝင်ဖြစ်လို့ ဘုရားတရားတော်တွေ သိသင့်သလောက် သိထားယင် သားသမီးတွေအား အဲဒီ ဗုဒ္ဓမြတ်စွာ ဘုရားဟောထားတဲ့ တရားတော်တွေနဲ့စပ်ပြီးတော့ အသိအလိမ္မာတွေပေးရတယ်၊ သားသမီး ကလေးတွေ ငယ်ငယ်ကတည်းက စကားပီ နားလည်ဖြစ်ကတည်းက အဲဒီ အရွယ်ကစပြီး အသိအလိမ္မာတွေ ပေးရတယ်။

အဲဒီ• သားသမီးတွေဟာ မိဘ တည်းဟူသော သူတော်ကောင်းကို မှီခိုမှီဝဲရလို့ ဘုရား, တရား, သံဃာနှင့် စပ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ မိဘက သူတော်ကောင်း ဖြစ်နေလို့ သီလနှင့်ပြည့်စုံတဲ့ သားသမီးတွေလဲ သီလနှင့် ပြည့်စုံရတယ်။

မိဘက သူတော်ကောင်းဖြစ်လို့ စေတနာ သဒ္ဓါတရားလဲ ကောင်းနေတော့ လှူဒါန်းပေးကမ်းမှု ဒါနတွေပြုတယ်၊ အဲဒီလို ပြုရာမှာ သားသမီးတွေလဲ ရောပြီးပြုရတယ်၊ ကုသိုလ်တွေပွားတာဘဲ။

မိဘက သူတော်ကောင်းတရားတွေ ကျင့်ကြံ အားထုတ်ကြတယ်ဆိုယင် သားသမီးများကလဲလိုက်ပြီး အားထုတ်ကြတယ်၊ အင်မတန် ကျေးဇူးများပါတယ်၊ မိဘသူတော်ကောင်းနဲ့ မှီဝဲရတာ အကျိုး များပါတယ်၊ မိဘသူတော်ကောင်း အပြင် လူပုဂ္ဂိုလ် သူတော်ကောင်းတွေ ရှိပါတယ်၊ ရဟန်းသူတော်ကောင်းတွေ ရှိပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေမှီဝဲရတယ်၊ သူတော်ကောင်းဆိုတာ မိမိကိုယ်တိုင်လဲ ကောင်းသောအကျင့်ကို ကျင့်

http://www.dhammadownload.com



တယ်၊ သူများတွေကိုလဲ ကောင်းသောအကျင့် ကျင့်ဖို့ရာ ဟော ပြောတယ်၊ တိုက်တွန်းတယ်၊ မကောင်းသော အကျင့်ကိုတော့ ကိုယ်တိုင်လဲမကျင့်ဘူး၊ သူများလဲမတိုက်တွန်းဘူး၊ သူများ တွေ မကောင်းမှုပြုယင် သူကတတ်လဲ တတ်နိုင်လို့ရှိယင်တော့ တားမြစ်တယ်၊ တားလဲတားမြစ်ရတယ်၊ ဆရာနှင့်တပည့်ဆိုယင် အရင်းအချာ ဒကာ-ဒကာမတို့ ဘာတို့ဆိုယင်လဲ တားမြစ်ရ တယ်၊ မဆိုင်တဲ့ပုဂ္ဂိုလ်တွေကတော့ သွားပြောလို့ မဖြစ်ဘူး၊ သွားပြောယင် နားထောင်မှာလဲမဟုတ်ဘူး။

အဲ သပ္ပုရိသာဝဿယ - သူတော်ကောင်းဖြစ်တဲ့ မိဘမှီဝဲရ ခြင်း, ကလျာဏမိတ္တဖြစ်တဲ့ မိတ်ဆွေမှီဝဲရခြင်း, ဆရာသမား မှီဝဲရခြင်း အဲဒါ အကြောင်းပြုပြီးတော့ ဆရာသမားနှင့်စပ်ပြီး ဗဟုသုတတွေ ပွားရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားရတယ်၊ ဒါကြောင့် သပ္ပုရိသာဝဿယ-သူတော်ကောင်း မှီဝဲရတာဟာ အရေးကြီးတယ်၊ မိဘ သူတော်ကောင်းမှ စပြီးတော့ အကုန် လုံး အရေးကြီးတာဘဲ။

## ၃။ အတ္တသမ္မာပဏိဓိစက်ဆိုတာ

အတ္တသမ္မာပဏိဓိ - မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ထားရမယ်၊ ဒါကလဲ အရေးကြီးတယ်၊ သူတော်ကောင်းက ညွှန်ကြားပေမယ်လို့ ကိုယ်က လိုက်နာဦးမှကိုး၊ မိဘတွေက သားသမီးတွေ ကောင်းစေချင်လို့ ညွှန်ကြားပေမယ့် သားသမီး တွေက မလိုက်နာယင် နေရာမကျဘူး။

http://www.dhammadownload.com



အခုကျောင်းပိတ်ထားတဲ့အခါဆိုလို့ရှိယင် မိဘတွေ့ဆွေမျိုးတွေက သားသမီးတွေ ကောင်းစေချင်လို့ သက်န်းဝတ်ပေး, တရားအားထုတ်ဖို့ရာ ကျောင်းပို့ပေး၊ ဒါပေမယ်လို့ အချို့သားသမီးတွေက နေရာမကျတာလဲရှိတယ်၊ အချိုးကျတဲ့ သားသမီးတွေကျတော့လဲ မိဘတွေ ရည်ရွယ်ချက်အတိုင်း ကောင်းပါတယ်၊ ကျောင်းရောက်လာလို့ရှိယင် ဆရာသမားတွေဆုံးမတဲ့အတိုင်း ကောင်းကောင်းမွန်မွန် နေကြ, ကျင့်ကြံအားထုတ်ကြ, ဝမ်းသာစရာပါဘဲ၊ ဘေးကမြင်ရတာနဲ့လဲ ဝမ်းသာစရာကောင်းတယ်၊ ရွတ်ဖတ်နေတာတွေ ကြားရတော့လဲ သိပ်ဝမ်းသာစရာတွေကောင်းတယ်၊ နံနက် စောစောကြီး ရွတ်ဖတ်သရဇ္ဈာယ်လို့, ဘုရားရှိခိုးလို့, မေတ္တာဘာဝနာတွေ ပွားများလို့ ကိုရင်တွေအားထုတ်ကြတယ်၊ အချို့ကလေးတွေ အငယ်လေးတွေဘဲ၊ အိမ်မှာနေလို့ရှိယင် ဒီကလေးတွေ နံနက်စောစော ဘယ်ထကြမှာတုံး၊ သူဟာ အိပ်နေတဲ့အချိန်ဘဲ၊ ၆-နာရီကျော် ၇-နာရီမှထကြတာ၊ ထ,ထချင်းလဲ အိမ်မှာဆိုယင် စားဖို့ရာတွေ တောင်းကြတာဘဲ။

ဟောဒီမှာဆိုယင် အိပ်ရာက နိုးတဲ့အခါ စားစရာလဲမကျွေးနိုင်ဘူး၊ မျက်နှာသစ်ပြီး ရေလေးဘာလေး သောက်ယင်ဒါရှိတာဘဲ၊ အဲဒါပြီးဘာနဲ့ ဆရာသမား ညွှန်ကြားတဲ့အတိုင်း ဘုရားဝတ်ပြု, ဘုရားဝတ်တက်, ရွတ်ဖတ်သဇ္ဈာယ်, မေတ္တာဘာဝနာတွေ ပွားများ, တရားအားထုတ်ကြတယ်၊ ထူးထူးခြားခြား တရားတွေ မတွေ့ရစေကာမူ အင်မတန် အဖိုးတန်တဲ့

http://www.dhammadownload.com



ကုသိုလ်တွေ ပွားသွားတာဘဲ၊ အဲဒါမိဘတွေ ညွှန်ကြားသဖြင့် သားသမီးတွေ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာထား နိုင်တာဘဲ၊ အဲဒီအထဲမှာ အုတ်ကြားမြက်ပေါက်ဆိုဘာလို နေ ရာမကျတဲ့ တချို့ကလေးတွေကလဲ ပါလာသေးတယ်၊အများ ထဲမှာဆိုတော့ နည်းနည်းပါးပါး ပါရမှာဘဲ၊

အဲဒါတွေကို ဆရာသမားတွေက အထူး ဂရုစိုက်ရတယ်၊ ကိုယ်တော်တွေ အသီးသီး ကိုယ်နဲ့နီးစပ်ရာ ကိုရင်တွေကြည့်ပြီး ဆုံးမရပါတယ်၊ ကိုယ့်ကျောင်းမှာနေဘာမဟုတ်ပေမယ်လို့ ဒီရိပ် သာထဲက ကိုရင်တွေဆိုလို့ရှိယင် ဟိုနား ဒီနား သွားနေကြာမှာ သူတို့ဘာလုပ်တာတုန်းဆိုဘာ အခြေအနေကြည့်ရမယ်၊ မတော် တာတွေလုပ်ယင် တားမြစ်ပေးမှ နေရာကျမယ်၊ အဲဒါအရေးကြီး တယ်၊ မတော်တာတွေလဲ အချို့ပုဂ္ဂိုလ်က လုပ်တာဘဲ၊ မိဘ စကားလဲ နားမထောင်, ဆရာ့စကားလဲ နားမထောင်ဆိုတာ ရှိတယ်၊ အဲဒါ အတ္တသမ္မာပဏိဓိ ပျက်နေတာဘဲ။

အခုဟာကတော့ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်နိုင်ယင်, ကောင်းစွာထားနိုင်ယင် မိဘတွေ သွန်သင် တဲ့အတိုင်း သရဏဂုံတွေ ချွတ်ဖတ်ဆိုလို့, ဘုရား, တရား, သံဃာ ရတနာသုံးပါးတွေ အရိုအသေပြုလို့, ငါးပါးသီလတွေ ဆောက် တည်ကျင့်သုံးလို့ အပြောအဆို အနေအထိုင်မှစပြီးတော့ အချိုး ကျကျနေသွားတဲ့ သားသမီးတွေဟာ မိဘ, ဆရာ အမှီပြုပြီး အတ္တ သမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာထားနိုင်တာဘဲ၊ ရဟန်း ဆရာတွေ ဆုံးမတဲ့အတိုင်း ၊ လိုက်နာပြီးတော့ ကျင့်သုံးတာလဲ

http://www.dhammadownload.com



အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာထားနိုင်တာဘဲ၊ မိမိကိုယ်ကို ကောင်းစွာထားနိုင်လို့ရှိယင် အဲဒါ ကုသိုလ်ကောင်းမှုတွေ ပွားတာဘဲ။

## ၄။ ပုဗ္ဗေစကတပုညတာ စက်ဆိုတာ

အဲဒါ ပုဗ္ဗေစ ကတပုညတာ ဖြစ်တယ်၊ အဲဒီ မိမိကိုယ်ကို ကောင်းစွာ ထားပြီးတော့ သရဏဂုံ သီလတွေ ရှိရှိသေသေ ဆောက်တည်ကျင့်သုံး, ဘုရားရှိခိုး, ဘုရားဝတ်ဘက်, စာပေ ကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ် ဘာဝနာအလုပ်ကိုပွားများ၊ အဲ လူ့လောကမှာဆိုလို့ရှိယင် ပေးလှူသင့်တဲ့ပစ္စည်း, ပေးလှူနိုင်တဲ့ ပစ္စည်းကို ပေးလှူ, ဒါနကုသိုလ်တွေ ပွားများ, အဲဒါတွေဖြစ်ရမယ်၊ အဲဒီဟာ ကုသိုလ်တရားတွေဘဲ၊ အဲဒီ ကုသိုလ်တရားတွေဟာ ပြုပြီးတဲ့အချိန်ကစပြီး ပုဗ္ဗေစကတပုညတာ ဖြစ်တော့တာဘဲ၊ ပြုပြီးတဲ့နောက်ကာလမှာ ရှေးကာလက အလျင်ရက်က, အလျင်လက, အလျင်နှစ်က ပြုခဲ့တာတွေဖြစ်တဲ့အတွက် ဟော-ပုဗ္ဗေစကတပုညတာ-ရှေး၌ ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ပြီးသော ကောင်းမှုရှိခြင်းဘဲ။

ရှေးဘဝ ရှေးကာလက ပြုခဲ့ဖူးသောကောင်းမှုရှိမှ ကောင်းမှုကို ပြုထားမှ ကောင်းကျိုးဆိုတာ ရတာ၊ အခု ငယ်ငယ် ရွယ်ရွယ် ကလေးတွေများဆိုယင် ငယ်ငယ်ရွယ်ရွယ်က နေပြီးတော့ အသိအလိမ္မာတွေကို မိဘတွေက သင်ကြားပေးရတယ်၊ ပညာတွေ တတ်မြောက်အောင် သင်ရတယ်၊ အဲဒီလို ပညာတွေ ရှိရှိ

http://www.dhammadownload.com



သေသေ ကောင်းကောင်းမွန်မွန် သင်ပြီးတော့ ကလေးတွေဟာ တတ်သိသင့်တဲ့ ပညာတွေတတ်လို့ လောကဘက်ကနေ ဘွဲ့ထူး ဂုဏ်ထူးတွေရပြီးတော့ နောင်တစ်ချိန်ကျယင် သူတို့ဟာ စီးပွား ဥစ္စာ ရတနာတွေနဲ့ ပြည့်စုံတဲ့ လူကြီး လူကောင်းတွေ ဖြစ်တာဘဲ၊ ရပ်ရွာအကျိုးဆောင်နိုင်တဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊ မြို့၏ အကျိုးကိုဆောင်နိုင်တဲ့ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊ နိုင်ငံအကျိုးကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊

သာသနာတော်ဝင်ပြီး ရဟန်း ပြုတယ်ဆိုယင်ဖြင့် သာသနာ့ ရှေ့ဆောင်ပုဂ္ဂိုလ်တွေလဲဖြစ်နိုင်တယ်၊အဲဒါ ပုဗ္ဗေစကတပုညတာ နယ်ကနေပြီးတော့ သင်ကြားလေ့လာခဲ့တဲ့ ကောင်းမှုကြောင့် ဒီဘဝတွင် အကျိုးရတာဘဲ၊ ဒီထက်ရှေးကျတဲ့ ဘဝတွေကနေ ပြုခဲ့တဲ့ ဒါန၊ သီလ ကုသိုလ်ကောင်းမှုတွေကြောင့်ဆိုတာကတော့ ပဋိသန္ဓေကတည်းက စပြီးတော့ ကောင်းကျိုးတွေ ပေးလာတယ်။

အဲဒါကတော့ သံသရာဘဝထဲမှာ ကိလေသာ မကင်းသေးယင်တော့ ဘဝဆိုတာ ထပ်ကာ ထပ်ကာ ဖြစ်ရမှာဘဲ၊အကြောင်းကောင်းလို့ရှိယင်ကောင်းတဲ့ဘဝ တွေဖြစ်ရမယ်၊ကုသိုလ်ကောင်းမှု အကြောင်းကောင်း ရှိတဲ့ပုဂ္ဂိုလ်တော့ ပဋိသန္ဓေကတည်းက စပြီးတော့ ကောင်းကျိုးတွေရလာတာမို့ ချမ်းသာပြည့်စုံတဲ့ မိဘတွေ ဝမ်းမှာဖြစ်တယ်၊ မိဘတွေကလည်း ချမ်းသာလို့ ပဋိသန္ဓေနေကတည်းက ချမ်းချမ်းသာသာဘဲ။

http://www.dhammadownload.com



ကုသိုလ်ကောင်းမှု မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကျတော့ မိဘတွေကလဲ ဆင်းရဲလို့ စားဝတ်နေရေးနဲ့ ပြေးရ, လွှားရ, သွားရ, လာရ, မိဘတွေကလဲ ဆင်းဆင်းရဲရဲနှင့် လုပ်ရ,ကိုင်ရ နေရာထိုင်ခင်းကလဲ ကောင်းကောင်းမွန်မွန်မရှိတော့ တော်စွာ လျော်စွာ အိပ်နေရ, စားစရာလဲ ကောင်းကောင်းမရှိတော့ တော်ရုံလျော်ရုံ စားရ, သောက်ရ, ဝတ်စရာကလဲ ကောင်းကောင်းမရှိတော်ရုံ လျော်ရုံ ဝတ်ပြီးတော့နေရတယ်၊ သားသမီးတွေကလဲ ဘယ်ချမ်းသာမတုံး၊ ပဋိသန္ဓေကတည်းကစပြီးတော့ မချမ်းသာလှဘူး၊ မွေးဖွားပြီးတော့လဲ သူတို့ကို ကောင်းကောင်း မွန်မွန်မပြုစုနိုင်ဘူး၊ အဲဒီလို ဆင်းရဲသွားတာဘဲ၊ အဲဒါဟာ ပုဗ္ဗေစကတပုညတာ လိုနေလို့ပါဘဲ။

ပုဗ္ဗေစကတပုညတာ- ရှေးက ပြုတဲ့ ကောင်းမှု ရှိတယ်ဆိုတဲ့ အဲဒီပုဂ္ဂိုလ်တွေက ပဋိသန္ဓေကတည်းက ချမ်းသာကြွယ်ဝတဲ့ မိဘတွေ့ဝမ်းထဲမှာ ဖြစ်ပြီးတော့ ပဋိသန္ဓေကတည်းက ချမ်းချမ်းသာသာဖြစ်ပြီးလာခဲ့တယ်၊ မွေးလာတော့လဲ ချမ်းချမ်းသာသာနဲ့ဘဲ ကြီးပြင်းလာရတယ်၊ တစ်သက်လုံးချမ်းချမ်းသာသာနဲ့ဘဲ နေထိုင်ပြီးတော့ သွားရတယ်၊ ဒါကြောင့် ပုဗ္ဗေစကတပုညတာ စက်နှင့် ပြည့်စုံဖို့အရေးကြီးပါတယ်။

## ရှင်ပြု,ရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာပါဘဲ

အခု ရှင်ပြု, ရဟန်းခံတယ်ဆိုတာ ပုဗ္ဗေစကတပုညတာဘဲ၊ ကုသိုလ်ကောင်းမှုတွေအသင့်ပြုတာပေါ့လေ၊ အခုအနေကတော့

http://www.dhammadownload.com



အသစ်လို့ ဆိုရမယ်၊ ဒါပေမယ်လို့ နောင်တစ်ချိန်ကျယင်တော့ ပုဗ္ဗေစ ကတပုညတာဘဲ၊ ရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု ဆိုတာ ဒါတွေဘဲ။

ပဗ္ဗဇ္ဇမင်္ဂလာ, ဥပသမ္ပဒမင်္ဂလာ အကြောင်းပြုပြီးတော့ လှူရ တန်းရတယ်၊ သံဃာတွေ မွန်မြတ်သော ဆွမ်း, ခဲဖွယ် ဘောဇဉ် တွေ ဆက်ကပ်, လှူပရိသတ်တွေ ကြွလာတဲ့ ပုဂ္ဂိုလ်တွေလဲ ကျွေး မွေး, လှူဒါန်းလို့ အထူးလှူဖွယ်တွေ,သင်္ကန်းစသည်တွေ လှူဒါန်း ပြီး ကုသိုလ်ကောင်းမှုတွေ ပွားရတယ်။

အဲဒါတွေဟာ မနက်ပိုင်းက လှူဒါန်းထားလို့ ညနေပိုင်းဆို ယင် ပုဗ္ဗေစ ကတပုညတာဖြစ်နေပါပြီ၊ ရှေးကပြုခဲ့တဲ့ ကုသိုလ် ကောင်းမှုဘဲ၊ သူက အကျိုးပေးမယ်ဆိုယင် ပေးနိုင်တယ်၊ နက် ဖြန်ခါဆိုတော့ ပြောစရာမလိုဘူး၊ နောက်ကာလတို့ နောက်နှစ် တို့ အဲဒီအခါတွေကျယင်တော့ ယခုကောင်းမှုတွေကို ရှေးက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုလို့ ဆိုရတာဘဲ၊ ဒီကုသိုလ်ကောင်းမှု တွေ ပြုထားတဲ့ပုဂ္ဂိုလ်ဟာ နောက်ကာလမှာ ကြီးပွားချမ်းသာ တာဘဲ၊နောက်ဘဝ နောက်ကာလတွေမှာ ကြီးပွားချမ်းသာပြီး သွားမယ်၊ အဲဒါ ပုဗ္ဗေစ ကတပုညတာစက်ရဲ့ အစွမ်းဘဲ။

## စက်လေးပါး ကောင်းကျိုးဆက်လည်ပုံ

အဲဒီလို ပုဗ္ဗေစကတပုညတာရှိလို့ သင့်တင့်လျောက်ပတ်သော အရပ်မှာ ဖြစ်တာ ''မဂ်,ဖိုလ်,နိဗ္ဗာန် ရပါလို၏'' လို့ ဆုတောင်း ထားတဲ့ပုဂ္ဂိုလ်တွေကို မဂ်,ဖိုလ်,နိဗ္ဗာန်ရနိုင်တဲ့ဘဝပို့ပေးတာဘဲ။

http://www.dhammadownload.com



ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ မိဘတွေဝမ်းမှာ ပဋိသန္ဓေနေ ပြီးတော့ မွေးလာတယ်၊ ငယ်ငယ်ကတည်းကစပြီးတော့ ဘုရား၊ တရား၊ သံဃာတွေကို ရှိသေလေးစားလာတယ်၊ သိတတ်တဲ့ အရွယ်ရောက်တော့ မိဘတွေ အားပေးကူညီချက်အရ၊ တိုက်တွန်း နှိုးဆော်ပေးချက်အရအားဖြင့် ကုသိုလ်ကောင်းမှုတွေ ပွားရ တယ်၊ ဒါနကုသိုလ် ပွားရတယ်၊ သီလကုသိုလ် ပွားရတယ်၊ ဘာဝနာကုသိုလ်ပွားရတယ်၊ အားထုတ်ရတယ်၊ အရေးကြီးတာ က ဘာဝနာအလုပ်ဘဲ၊ သူက သိပ်အရေးကြီးတာ၊ ဒါန၊ သီလ ကတော့ အရပ်တိုင်း အရပ်တိုင်း ထိုက်သည့်အားလျော်စွာ ရှိကြ ပါတယ်။

ဘာဝနာကတော့ မိဘတွေက ဘာဝနာအလုပ်ကို အားထုတ် ထားယင် သားသမီးတွေမှာ ဘာဝနာအလုပ်ကို လုပ်ဖို့ရာ အင် မတန်လွယ်တယ်၊ အားလဲထုတ်ဖြစ်တာဘဲ၊ ဒီလို မိဘတွေ အား မထုတ်ဘဲနဲ့ သားသမီးတွေကစပြီး အားထုတ်တာလဲတချို့တော့ ရှိပါတယ်၊ အဲဒါက မလွယ်ဘူး၊ အဲဒီလို ဘုရား၊ တရား၊ သံဃာ တွေ သိပြီးတော့ ကျင့်သုံးအားထုတ်နိုင်တဲ့ အရပ်ဌာနမှာ ပို့ပေး တာဟာ ပုဗ္ဗေစကတပုညတာ–ရှေးကပြုတဲ့ ကုသိုလ်ကောင်းမှုက ပို့ပေးတာတဲ့။

ပတိရူပဒေသဝါသ–သင့်တင့်လျောက်ပတ်သော အရပ် နေရ တယ်၊ ပဋိသန္ဓေနေကတည်းက သင့်တင့်လျောက်ပတ်တဲ့ မိဘရဲ့ ဝမ်းထဲမှာ ပဋိသန္ဓေနေလာရတယ်၊ သပ္ပုရိသာဝဿယလဲရှိပြီး

http://www.dhammadownload.com



မိဘသူဘော်ကောင်း, ဆရာသမားသူတော်ကောင်းတွေနဲ့လဲ မှီရ တယ်။

အဲဒါ မှီပြီးတော့ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကိုလဲ ကောင်း စွာ ထားနိုင်တယ်၊ ရှေးက ကုသိုလ်ကောင်းမှု အလေ့အလာရှိတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်ကောင်းမှုတွေ ကျင့်သုံးဖို့ရာ မခဲယဉ်းဘူး၊ လွယ်ကူတယ်။

ရှေးဘဝတွေကတည်းက အကျင့်ပျက်လာတဲ့ ပုဂ္ဂိုလ်တွေက တော့ အခုမှ မိဘတွေဆုံးမလို့လဲ နားမထောင်, ဆရာသမားတွေ က ဆုံးမလို့လဲ နားမထောင် ကိုးလိုး ကန့်လန့်တွေ ယခုအခါ ဖြစ်လာကြတယ်၊ အဲဒီ လူတွေကို ရှေးဘဝက ကုသိုလ်ကောင်းမှု နည်းခဲ့တဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပါဘဲ။

## ရှင်ရာဟုလာဆိုတဲ့ ဘုရားသားတော်ဟာ

ရှေးက ကုသိုလ်ကောင်းမှု အလေ့အလာများတဲ့ ပုဂ္ဂိုလ်တွေ ကတော့ ဘာမှ မဆုံးမရပါဘူး၊ လွယ်လွယ်ကူကူဘဲ၊ မြတ်စွာ ဘုရားလက်ထက်တုန်းကဆိုယင် ရှင်ရာဟုလာဆိုတဲ့ ဘုရားသား တော်ဟာ ဆိုဆုံးမလွယ်တယ်လို့ စကားရှိခဲ့တယ်တဲ့၊ နှစ်ခါ မပြောရဘူး၊ ပြောစရာရှိယင် တစ်ခါဘဲ ပြောရတယ်။

ပြောစရာလဲ မရှိပါဘူး၊ သူက အခြေ အနေကြည့်ပြီးတော့ ကောင်းတဲ့ အနေအထိုင်နဲ့ နေထိုင်နေတာဘဲ၊ အပြစ်ကင်းအောင် နေ-နေတာဘဲ၊ မနက်တိုင်း မနက်တိုင်း သဲပုံ တစ်ပုံ, ပုံလိုက် သေးတယ်၊ သဲတစ်လုံး တစ်လုံးလျှင် ဩဝါဒတစ်ခုအနေနဲ့ သဲပုံ

http://www.dhammadownload.com



ယံမှာ ရှိတဲ့ သဲတွေလောက်များပြားတဲ့ ဩဝါဒ အဆုံးအမတွေကို ဆရာ့အထံမှ ရပါစေလို့ ဒီလိုရည်ရွယ်ပြီးတော့ သဲတွေကို ပုံလိုက်သေးတယ်ဆိုတာကိုး။

အဲဒါ ရှေးက ကုသိုလ် ကောင်းမှုတွေ လေ့လာလို့ ကုသိုလ်ကောင်းမှုတွေနှင့် ရင်းနှီးပြီးတော့ အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာ ထားနိုင်တာဘဲ၊ ပုဗ္ဗေစကတပုညတာ ဖြစ်အောင် စက်တွေက ဒီလိုလည်နေတာ၊ အရဟတ္တမဂ်, ဖိုလ် တရားထူး မရသေးယင် ဒီလိုလည်နေတာဘဲ၊ နောက်ဆုံး အရဟတ္တမဂ်, အရဟတ္တဖိုလ် ရောက်သွားယင်တော့ မလည်ဘူး၊ အဲဒီ မရောက်သေးယင်တော့ သောတာပန်မှာလဲ ဘဝတွေ ဖြစ်သေးတာပါဘဲ၊ သကဒါဂါမိမှာလဲ ဖြစ်တာဘဲ၊ အနာဂါမ်ကတော့ဖြင့် ဗြဟ္မာ့ပြည်ဘဲ ဖြစ်စရာရှိတော့တယ်၊ အဲဒါလဲ ဖြစ်တော့ ဖြစ်သေးတာဘဲ။

အဲ....အတ္တသမ္မာပဏိဓိ - မိမိကိုယ်ကို ကောင်းစွာ ထားတဲ့အတွက် ပုဗ္ဗေစကတပုညတာ-ရှေး ပြုဖူးတဲ့ ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့စက်ရောက်သွားတယ်၊ ဒီဘဝက ကောင်းမှုရှိတဲ့အတွက် ဘဝပြောင်းလို့ရှိယင် သင့်တင့်လျောက်ပတ်သော အရပ်မှာဖြစ်ရတယ်။

တချို့မှာ ကုသိုလ်က ကောင်းကျိုးတော့ ပေးချင်ပါရဲ့၊ ဒါပေမယ့် အကုသိုလ်တွေကလဲ ရှိနေယင် အဲဒီ အကုသိုလ်တွေက ဝင်နှောင့်ယှက်တာနဲ့ ကောင်းတဲ့အရပ်မနေရဘဲ မသင့်လျော်တဲ့ အရပ် သွားပြီးတော့ မိဘတွေလဲ တော်ရုံ သင့်ရုံ မိဘတွေဆီက

http://www.dhammadownload.com



မွေးပြီးတော့ ဒီလိုနေလာရတယ်၊အဲဒါ အကုသိုလ်တွေက ဝင်နှောင့်ယှက်လို့ မသင့်တော်ရာဖြစ်ရတာပါဘဲ၊ဒါပေမယ့်လို့ သူ့ကုသိုလ်ကရှိနေတော့ တဖြည်းဖြည်းကြီးလာတဲ့ အခါကျတော့ သင့်တင့်လျောက်ပတ်သော အရပ်ရောက်လာတာဘဲ၊ သင့်တင့်လျောက်ပတ်သော အရပ်ရောက်ပြီးတော့ သူတော်ကောင်း မှီဝဲလာတာဘဲ၊ဆရာသမားကောင်း,ဆရာကောင်း,သမားကောင်းနဲ့ တွေ့ရတယ်၊ တရားတွေလဲ ကျင့်သုံးနိုင်တယ်၊ အတ္တသမ္မာပဏိဓိ အထိ အကုန်လုံး ပြည့်စုံသွားတာဘဲ။

ဒါကြောင့် အဲဒီစက်လေးပါးဟာ ပြည့်စုံလို့ရှိယင် စက်တစ်ပါးတစ်ပါး ကူးစက်ပြီးတော့ စက်လေးပါး တင်ပတ်ပြန်လည်နေတယ်၊ တစ်ပတ်ပြီးတစ်ပတ်, တစ်ပတ်ပြီးတစ်ပတ် သံသရာမှာလည်နေတယ်၊ ရဟန္တာ မဖြစ်သေးမချင်း ဒီသမ္ပတ္တိစက်တွေ လည်နေတယ်။

သမ္ပတ္တိစက်လည်နေယင် ဘဝတိုင်း,ဘဝတိုင်း ဘောဂသုစီးပွားဥစ္စာ ရတနာတို့၌၊ မဟန္တတ္တံ ဝေပုလ္လံ - ကြီးကျယ် ပြန့်ပြောခြင်းရောက်သတဲ့၊ ခဲခဲယဉ်းယဉ်း အားမထုတ်ရဘဲနဲ့ ချမ်းချမ်း သာသာ လွယ်လွယ်နဲ့ဘဲ စီးပွားဥစ္စာရတနာတွေ ပြည့်စုံသွားတော့တယ်။

## ဒီနေ့ ရှင်ပြုရဟန်းခံဟာ သမ္ပတ္တိစက်လေးပါးနဲ့ဆိုင်တယ်

အခု ဒီနေ့ ရှင်သာမဏေပြု, ရဟန်းပြု, ရှင်သာမဏေ,ရဟန်းပြုတာကို အကြောင်းပြုပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်ဘွဲ့ဟာ

http://www.dhammadownload.com



အဲဒီ သမ္မတ္တိစက်လေးပါးနဲ့ဆိုင်တာဘဲ၊ သမ္ပတ္တိစက်လေးပါးနဲ့ ရှေးကပြည့်စုံခဲ့လို့ အထူးအားဖြင့် ပုဗ္ဗေစကတပုညတာ စက်ရှိခဲ့လို့ ယခုအခါ သင့်တင့်လျောက်ပတ်သောအရပ်မှာ နေကြရတာဘဲ၊ ယခုတစ်ဖန် သင့်တင့် လျောက်ပတ်သောအရပ်မှာ နေရလို့ မိဘ,ဆရာသမား သူတော်ကောင်းတွေ မှီဝဲရလို့ သူတော်ကောင်းတရားတွေ နာရတယ်။

ရှင်ပြုဖို့ ရဟန်းပြုဖို့ ရှင်ကျင့်ဝတ်တွေ, ရဟန်းကျင့်ဝတ်တွေ သီလ, သမာဓိ, ပညာတွေကျင့်ဖို့ စိတ်ကူးဖြစ်ရတယ်။

အဲဒါ လူကြီးမိဘ ဘိုးဘွားတွေ, အရီးအဒေါ်တွေ, အဘွားတွေကလဲပဲ ညွှန်ကြားပေးရဘယ်၊ ကုသိုလ်ကောင်းမှုတွေ ပွားများဖို့ ညွှန်ကြားပေးရတယ်၊ ရှေးက ကောင်းမှုရှိခဲ့လို့ အဲဒီ ညွှန်ကြားတဲ့အတိုင်းလဲပဲ ရှင်သာမဏေပြုပြီးတော့ ကျင့်ရတယ်၊ ရဟန်းပြုပြီးတော့လဲ ကျင့်ရတယ်၊ ဒီလို ရှင်ပြု, ရဟန်းပြုရာမှာ ဒါနကုသိုလ်တွေ ပွားများရတယ်၊ ရှင်သာမဏေ မပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေက အဲဒီ ကုသိုလ်တွေပွားပြီးတော့ ပုဗ္ဗေစကတပုညတာစက် တစ်ပတ်ပြန်လည်လာပြန်တယ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် မရသေးမချင်းဟာ ဒီလိုလည်နေမှာဘဲ၊ ကောင်းတဲ့ စက်တွေက တစ်ပတ်ပြီးတစ်ပတ် ပြန်လည်နေတယ်၊ မိမိတို့ အလိုရှိအပ်တဲ့ လောကီကောင်းကျိုး ချမ်းသာတွေနဲ့ အစဉ်တစ်စိုက် ပြည့်စုံပြီးတော့ သွားလိမ့်မယ်၊ နောက်ဆုံး ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်လဲရောက်ပြီးသွားမယ်တဲ့။

http://www.dhammadownload.com



ဒါကြောင့်လဲ အဲဒီ နိဗ္ဗာန်ရဖို့ရာ အနေအားဖြင့် ကုသိုလ်ကောင်းမှုတွေ ပြုရမှာဘဲ၊ ဒီကနေ့ သံဃာတွေအား မွန်မြတ်သော ဆွမ်းကို လှူဒါန်းခြင်း, ပြီးတော့ ကြွရောက်လာသော ကလျာဏမိတ္တတွေအား မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် လှူဒါန်းခြင်း, အထူးပင့်ဖိတ်အပ်တဲ့ ၂၅-ပါးသော အရှင်မြတ်တွေအား သင်္ကန်းစသည်တို့ကို လှူဒါန်းခြင်း, အဲဒီ ကုသိုလ်ကောင်းမှုတွေက ဆုမတောင်းလဲ ကောင်းကျိုးတွေ ပေးမှာပါဘဲ၊ ဆုတောင်းလို့ရှိယင် မိမိတို့အလိုရှိအပ်တဲ့ ကောင်းကျိုးတွေ တိတိကျကျ ပြည့်ပြည့်စုံစုံ အကျိုးပေးသွားလိမ့်မယ်၊ ဒါပေမယ်လို့ အကောင်းဆုံးကတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဟာ အကောင်းဆုံးဘဲ။

## အကောင်းဆုံးဆုတောင်း

ဒါကြောင့် "ယနေ့ ပဗ္ဗဇ္ဇမင်္ဂလာ,ဥပသမ္ပဒမင်္ဂလာအကြောင်းပြုပြီး ပြုတဲ့ ကုသိုလ်ကောင်းမှု ဟူသမျှကြောင့် ဆင်းရဲ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါလို၏" လို့ ပဓာနအား ဖြင့် ဒီလိုဆုတောင်းပြီးတော့ ရေစက်ချအမျှပေးဝေရမယ်၊ မိမိအလိုရှိအပ်တဲ့ လောကီ,လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

http://www.dhammadownload.com



## ရေစက်ချ

ကဲ....ရေစက်ချမယ်၊ လိုက်ဆိုကြပါ။

အရှင်ဘုရားတို့ တပည့်တော်တို့သည် မြတ်စွာဘုရား၏ သာသနာတော် ရှည်စွာတည်တံ့ခြင်း, ထွန်းကားခြင်း, ကြီးပွားခြင်း, စည်ပင်ခြင်း အကျိုးငှာ လည်းကောင်း၊ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုပါရခြင်းအကျိုးငှာလည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်သာမဏေအဖြစ်ဖြင့် ဝင်ရောက်၍ သာသနမွေ သာသနာ့အမွေတို့ကို ကျင့်သုံးရခြင်းငှာ အလိုရှိကြသော ၁၇-ပါးသော ရှင်လောင်းတို့ကို လည်းကောင်း၊ ၁၀-ပါးသော ရဟန်းလောင်း တို့ကို လည်းကောင်း၊ သင်္ကန်း, သပိတ် စသော ပရိက္ခရာတို့နှင့်တကွ သံဃာတော်ထံ၌ အပ်နှင်းလျှောက်ထား၍ မြတ်စွာဘုရား၏ သာသနာတော်၌ မြင့်မြတ်သော ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရောက်စေလျက် ပဗ္ဗဇ္ဇမင်္ဂလာကို, ဥပသမ္ပဒမင်္ဂလာကို ဆောင်ကြပါကုန်၏။

ဤပဗ္ဗဇ္ဇမင်္ဂလာကို, ဥပသမ္ပဒမင်္ဂလာကို ဆောင်ခြင်းဖြင့် မြတ်စွာဘုရား၏သာသနာတော်ကို ချီးမြှောက်ပါကုန်၏၊ ပူဇော်ပါကုန်၏၊ ဤပဗ္ဗဇ္ဇမင်္ဂလာကို,ဥပသမ္ပဒမင်္ဂလာကို အကြောင်းအရင်းပြု၍ သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်း ကျွေးမွေးကြပါကုန်၏၊ ယောဂီအပေါင်း သူတော်ကောင်းတို့အား လည်း

http://www.dhammadownload.com



ကောင်း၊ ကြွရောက်လာသော ကလျာဏမိတ္တ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့အားလည်းကောင်း၊ မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ဖြင့် ကျွေးမွေး လှူဒါန်းပါကုန်၏၊ ထိုမှ တစ်ပါး ဥပသမ္ပဒကံ ဆောင်တော်မူကြသော အထူးအားဖြင့် ပင့်ဖိတ် လျှောက်ထားအပ်သော သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ၂၅-ပါးသော သံဃာတော် အရှင်မြတ် တို့အား သင်္ကန်းတစ်စုံစီ, မျက်နှာသုတ်ပဝါ, လွယ်အိတ်, ယပ် တောင် တို့ကိုလည်းကောင်း၊ ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ္တံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာ ပစ္စည်းတို့ကိုလည်း ကောင်း၊ အသီးသီးပိုင်းခြား၍ ရေစက်သွန်ချကာ လှူဒါန်းပါ ကုန်၏၊ ဝတ္ထုငွေတို့ကို အရှင်ဘုရားတို့၏ ကပ္ပိယကာရကထံ၌ အပ်၍ ထားပါကုန်အံ့၊ အလိုရှိသောအခါ အလိုရှိအပ်သော ပစ္စည်းကို ကပ္ပိယကာရကထံမှ တောင်းယူ၍ သုံးဆောင်တော် မူကြပါ။

## ဆုတောင်း

အရှင်ဘုရားတို့ ဤကောင်းမှု အပေါင်းသည် အာသဝေါ တရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးအန္တရာယ် ဟူ သမျှမှ အခါခပ်သိမ်း ကင်းလွတ်ကြ၍ အသက်ရှည်ခြင်း, အနာ ကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်း အစရှိသော လိုလား

http://www.dhammadownload.com



တောင့်တအပ်သော လောကီ,လောကုတ္တရာ ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းနှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

အမျှဝေ

ဤကောင်းမှု ကုသိုလ်အပေါင်းတို့၏ အဖို့ဘာဂကို အမိအဘ ဆရာသမားတို့အားလည်းကောင်း၊ အဆွေအမျိုးတို့အား လည်းကောင်း၊ ဤအရပ်၌ ရောက်ရှိနေသော ပရိသတ် အပေါင်းအားလည်းကောင်း၊ အကျွန်ုပ်တို့၏ အသီးသီးသော အိမ်စောင့်နတ်, လောကကို စောင့်ရှောက်သောနတ်, သိကြားမင်း, ယမမင်း အစရှိသော နတ်အပေါင်းတို့အားလည်းကောင်း ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေပါကုန်၏။

အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ အမျှ....အမျှ ယူတော်မူကြပါကုန်လော့။

သာဓု....သာဓု....သာဓု....။

http://www.dhammadownload.com

## စက်လေးပါးသရုပ်

ကတမာနိ စတ္တာရိ-အဘယ်လေးပါးတို့နည်းဟူမူကား၊ ပတိရူပဒေသဝါသော, သပ္ပုရိသာဝဿယော, အတ္တသမ္မာပဏိဓိ, ပုဗ္ဗေစ ကတပုညတာ။

၁။ ပတိရူပဒေသဝါသော - သင့်တင့် လျောက်ပတ်သော အရပ်၌ နေရတာက စက်တစ်ပါး၊ စက်ဝိုင်းရဲ့ အစိတ်အပိုင်းကလေး တစ်ခုပါဘဲ။

၂။ သပ္ပုရိသာဝဿယော - သူတော်ကောင်းကို မှီဝဲရတာကလဲ စက်တစ်ပါး။

၃။ အတ္တသမ္မာပဏိဓိ - မိမိကိုယ်တိုင် ကောင်းစွာ ဆောက်တည်ထားတာကလဲ စက်တစ်ပါး။

၄။ ပုဗ္ဗေစ ကတပုညတာ-ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိတာကလဲ စက်တစ်ပါး။

အဲဒီ စက်လေးပါးဘဲ၊ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့
တွေမှာ ဒီစက်တွေ ထပ်ကာ ထပ်ကာ လည်နေတယ်
လေးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဟာ စီးပွားဥစ္စာ ရတ
ကြီးကျယ်ခြင်း, မြင့်မြတ်ခြင်းသို့ မကြာခင်ရောက်တာဘဲ
ချမ်းသာတွေနဲ့ ကြီးပွားချမ်းသာနေတယ်လို့ ဆိုလိုပါ

ဖ/၀၀